# အမှာစာ

ဂျပန်ဘာသာအရည်အချင်းစစ် စာမေးပွဲအဆင့် "၄"၊ "၃" နှင့် "စကားပြောအထူးထုတ်" တို့ကို "သင်းမြန်မာ ဘာသာစကားစင်တာ" မှ ဖြန့်ချီထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ ဂျပန်ဘာသာအရည်အချင်းစစ် စာမေးပွဲအထူးထုတ် အဖြစ်မြန်မာဘာသာဖြင့် ရေးသားထည့်သွင်းကာ "သင်းမြန်မာဘာသာစကားစင်တာ" ပြဋ္ဌာန်းစာအုပ်အဖြစ် မူပိုင်ဖြန့်ချိခဲ့သည်မှာ ယခုအကြိမ်သည်(၄)ကြိမ်မြောက်ဖြစ်ပါသည်။

ထိုစာအုပ်များကို စင်တာသို့တိုက်ရိုက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

ဂျပန်သင်တန်းကျောင်းများအတွက် အထူးဈေးနှုန်းနှင့် ဝန်ဆောင်မှုပေးနေပါသည်။

ဤစာအုပ်သည် ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲအတွက်ရည်ရွယ်ထုတ်ဝေသောဂျပန်စာအုပ်များရှားပါးလှသောမြန်မာနိုင်ငံအခြေအနေကိုစဉ်းစား၍ထုတ်ဝေသော ဂျပန်ဘာသာအရည်အချင်းစစ် စာမေးပွဲအဆင့် ၂ အထူးထုတ်ဖြစ်ပြီး ဂျပန်စာကျွမ်းကျင်အလယ်တန်းအဆင့်ပြဋ္ဌာန်းစာအုပ်အနေနှင့် လည်းအသုံးပြုနိုင်ပါသည်။

ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲအဆင့် (၂) ဖြေဆိုလိုသော၊ ဂျပန်စာအခြေခံစနစ်တကျ တတ်မြောက်လိုသော၊ မြန်မာအများအတွက် CD ကိုပါထည့်သွင်း ပေးထား၍ နှစ်ခြိုက်အသုံးပြုကြလျှင် စာရေးသူအတွက်ကြီးစားရကျိုးနပ်ပါသည်။

ဤစာအုပ်ကို အောက်ပါအတိုင်း စီစဉ်ပြုစုထားပါသည်။

၁။ သဒ္ဒါပုံစံများတွင်သုံးသောဝါကျများကိုစီဒီတွင်အသံသွင်းထားပြီး၊သဒ္ဒါ၊စာဖတ်သင်ခန်းစာ၊ခန်းကျိုနှင့် ဝေါဟာရများ၊ ၂၀၀၇မေးခွန်းဟောင်းနှင့် အဖြေများကိုအစဉ်လိုက် ဂျပန်ဘာသာအရည်အချင်းစစ် စာမေးပွဲအဆင့်(၂)နှင့်ဘောင်ဝင်အောင် ပြင်ဆင်ပြုစုထားပါသည်။

၂။ စာဖတ်ကျွမ်းကျင်မှုရစေရန် ရေးသားပုံမတူသောပုံစံများကို အုပ်စုခွဲကာ ပြုစုထားပြီးအချိန်တိုအတွင်း ထိမိအောင် ဖတ်ရမည့်နည်းကောင်းများကို ထည့်သွင်းရေးသားထားပါသည်။

၃။ ခန်းကျိုများ၊ အဓိကလိုအပ်သောဝေါဟာရများကို အသံထွက်အလိုက် မှတ်သားလေ့ကျင့်လွယ်စေရန် ရည်ရွယ်၍ အုပ်စုဖွဲ့ကာထည့်သွင်း ရေးသားထားပါသည်။

၄။ မြန်မာလူမျိုးများပိုမိုနားလည်လေ့ကျင့်လွယ်စေရန် ရည်ရွယ်ပြုစုထားပြီး၊ ဂျပန်ဘာသာလေ့လာရာတွင် ဂရုပြုသင့်သည်များကို မြန်မာဘာသာဖြင့် ရေးသားထည့်သွင်း ဖော်ပြထားပါသည်။

၃၀ရက် မေလ ၂၀၀၉နှစ်


**စီစဉ်ရေးသားသူ**

ဒေါက်တာသင်းအေးအေးကို

**(မဟာဘွဲ့၊ပါရဂူဘွဲ့၊ဘာသာဗေဒဘာသာရပ်၊ကိုဘေးတက္ကသိုလ်၊ဂျပန်)**